# ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ထင်ရှားစေခြင်း

**(၄)**

## အဓိကသော့ချက်များ

ခရစ်တော်သည် ယေဟောဝါအဖြစ်လည်းကောင်း၊ လူသားအဖြစ်လည်းကောင်း
ဘုရားသခင်၏လူများကို မစထောက်ပံ့ ပေးသော၊ ဂရုစိုက်ပြီး ဖုံးအုပ်ပေးသော
ရှင်ဘုရင် ဖြစ်တော်မူသည်။ ကိုယ်တော်သည် အုပ်စိုးခြင်းအတွက် ရှင်ဘုရင် ဖြစ်တော်မူပြီး
လေဒဏ်မှ ခိုလှုံရာနှင့် မိုးသက်မုန်တိုင်းမှ အကွယ်အကာ၊ သွေ့ခြောက်သောအရပ်၌
စီးသော စမ်းချောင်းများ ကဲ့သို့လည်းကောင်း၊ လူသူမနေသောပြည်၌ ကြီးမားသောကျောက်၏
အရိပ်ကဲ့သို့လည်းကောင်း ဖြစ်သော လူသားတစ်ဦး ဖြစ်တော်မူသည်။

အသက်ပင်အဖြစ် ခရစ်တော်ကို ကျွန်ုပ်တို့ စားသုံးရန်အလို့ငှာ၊
ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ကိုယ်တော့်ကို ပထမနေရာ ပေးရမည်။
ယင်းမှာ ကိုယ်တော့်ကို ရှေ့ဦးမေတ္တာဖြင့် ချစ်ရန်၊ ကျွန်ုပ်တို့၏အသက်တာတွင်
ကိုယ်တော့်ကို အရာခပ်သိမ်းအဖြစ် သဘောထားရန်နှင့် မှတ်ယူရန်
ကိုယ်တော်၏ချစ်ခြင်းမေတ္တာတော်အားဖြင့် အနိုင်အထက်သွေးဆောင်ခံရန် ဖြစ်သည်။

သူတို့သည် အပြစ်တင်စွပ်စွဲသူအား သိုးသငယ်၏အသွေးအားဖြင့်လည်းကောင်း၊
မိမိတို့ သက်သေခံချက် နှုတ်ကပတ်တော်အား ဖြင့်လည်းကောင်း အောင်မြင်၍၊
အသေခံသည့်တိုင်အောင် သူတို့ စိတ်အသက်ကို မချစ်ကြ။

နိုင်ငံတော်၌ သခင်ဘုရားသည် ကိုယ်တော်၏လူများထံသို့ နေမင်းအဖြစ်
ထင်ရှားစွာ ပေါ်ထွန်းတော်မူမည်ဖြစ်သော်လည်း၊ ဘေးဒဏ်ကြီးကာလ မတိုင်မီတွင်
ကိုယ်တော်သည် သူ၏ အောင်မြင်သူများထံသို့ သူတို့ကို ချီဆောင်ရန်
မိုးသောက်ကြယ်အဖြစ် လျှို့ဝှက်စွာ ပေါ်ထွန်းတော်မူလိမ့်မည်။

*© 2025 Living Stream Ministry*

**ဝေငှချက် တစ် - သင်ခန်းစာမေးခွန်းများ**

အောက်ဖော်ပြပါ သင်ခန်းစာများကို အတွင်းကျကျ တွေ့ကြုံခံစားခြင်းနည်းလမ်းအားဖြင့် ပြန်လည်တုန့်ပြန်ပါ၊ မိတ်သဟာယဖွဲ့ပါ။

1. ယေရှု၏သက်သေခံချက်အဖြစ် ရွှေမီးခုံတိုင်များကို ကျွန်ုပ်တို့တွေ့ကြုံခံစားနိုင်သည့် နည်းလမ်းသုံးခုကို အလွတ်ဖော်ပြပါ၊ "ထုလုပ်ထားသော" မီးခုံတိုင်ကို ထုတ်လုပ်ဖို့ ကိုယ်တော်၏ဆင်းရဲဒုက္ခများ၌ ကျွန်ုပ်တို့ပါဝင်ဆက်ဆံခြင်းကိုလည်း ထည့်သွင်းဖော်ပြပါ။
2. ကျွန်ုပ်တို့သည် အလင်းထွန်းလင်းခံရဖို့ရန် ဘုရားသခင်၏ကရုဏာတော်နှင့် ပူးပေါင်းရမည့် နည်းလမ်းငါးခုကို ဖော်ပြပါ။
3. ယနေ့ ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်နိုင်သည့် ဗျာဒိတ် ၇း၉-၁၇ ၌ ဖွင့်ပြထားသည့် ဝိညာဉ်ဆိုင်ရာကောင်းချီးမင်္ဂလာ ခုနစ်ခုကို ဝေငှပါ။

*© 2025 Living Stream Ministry*